# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၆) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၁၂–၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **“၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ အရ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ” ဟု ပြဋ္ဌာန်းထားပါလျက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပျို၊ လူပျိုဖြစ်ကြောင်း ကျမ်းကျိန်လွှာ (နိုတြီ) အပေါ် ထောက်ခံချက်ပေးရန် ငြင်းဆန်နေခြင်းကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပမြို့နယ်၊ ၉ ရပ်ကွက်၊ သစ္စာလမ်းနှင့် ဝေဇန္တာရာလမ်းထောင့်ရှိ အားကစားပန်းခြံအား မူလအတိုင်း ပြန်လည်ခွင့်ပြုပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ ရဲဘက်စခန်းများအား ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ရန် အစီအစဉ်ရှိ၊ မရှိနှင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူလူထုအား အမျိုးသားရေး တာဝန်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော "တရားမဝင် လောင်းကစားမှု" များကို ထိရောက်စွာ ဟန့်တား၍ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ခ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဃ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(စ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဇ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ဈ) ဦးတင့်စိုး၊ ဖားကန့် မဲဆန္ဒနယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော **"ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။